# သီလကျေးရွာ
# တောင်တွင်းကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သီလကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၂၄ ခုနှစ်၊ ဩဂုတ် လ

# မာတိကာ


စာမျက်နှာ

စကားချီ

တောင်တွင်းကြီးမြို့နယ် ၊ သီလကျေးရွာအရင်းအမြစ်ပြမြေပုံ

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၁) နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား/မ ရေးရာ

၄။ ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ

၅။ ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

၆။ ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၅) ဓာတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ

ဇယား (၁၃)	ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၄)	ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား (၁၅)	အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၆)	ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၇)	သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၈)	သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား (၁၉)	မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား (၂၀)	မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၁)	မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား (၂၂)	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား (၂၃)	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား (၂၄)	ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ
ဇယား (၂၅)	ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား (၂၆)	ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား (၂၇)	ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ
ဇယား (၂၈)	ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား (၂၉)	သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား (၃၀)	မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား (၃၁)	ကျောင်းတက်နှုန်း
ဇယား (၃၂)	စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား (၃၃)	ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား (၃၄)	အဖြစ်များသော ရောဂါများ
ဇယား (၃၅)	လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား (၃၆)	ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၃၇)	သောက်သုံးရေ ရရှိနိုင်မှု
ဇယား (၃၈)	အိမ်သာ အမျိုးအစား
ဇယား (၃၉)	ကျား – မ ရေးရာ
ဇယား (၄၀)	ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား (၄၁)	ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၇) ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ
လက်လှမ်းမီမှု
ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ
၇။ ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ
ကိုးကားစာရင်း

**စကားချီး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ သီလကျေးရွာမှ စတင်ရေးဆွဲသော အစီအစဉ်ဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း၊ စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများအားလုံး ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့်စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ ယခုအခါ ထိုသို့ ကျေးရွာလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။ နောင်တွင်မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှုများတွင် မဆို လူထုပူးပေါင်း ပါဝင်နိုင်ရေး အလေးထားဆောင်ရွက်ရပါမည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍအစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိလာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည်ဖြစ်ပါသည်။ ထိုသို့မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် သင့်လျော်သော အဖွဲ့အစည်းများ ၊ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော သီလကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်အား စီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်းမဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
**သီလ**ကျေးရွာ
တောင်တွင်းကြီးမြို့နယ်

# တောင်တွင်းကြီးမြို့နယ် ၊ သီလကျေးရွာ အရင်းအမြစ်ပြမြေပုံ




ရည်ညွှန်း- တောင်တွင်းကြီးမြို့နယ်၊ သီလကျေးရွာအုပ်စု ၊ သီလကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

သီလကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်း ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သော ကိန်းဂဏန်း ၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသော အချက်များ ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့အနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကိုသိရှိစေရန် မျှော်လင့်ပါသည်။

( ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်တော်တို့၏ အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာလိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါသည်။

## ( ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင်တက်နိုင်သောငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိပြီးဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

### ၁။ တည်နေရာနှင့် ပထဝီအနေအထား

ကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ တောင်တွင်းကြီးမြို့နယ်၏ အရှေ့တောင်ဘက် (၅/၅) မိုင်ခန့်အကွာ တောင်တွင်းကြီး-နတ်မောက်လမ်းပေါ်တွင် တည်ရှိသောကျေးရွာဖြစ်ပါသည်။ မြောက်လတ္တီကျူ ၁၉ဒီဂရီ ၅၈' ၅၁" အရှေ့လောင်ဂျီကျူ ၉၅ဒီဂရီ ၃၃' ၅၈" တွင်ရှိပြီး ကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်ဒေသဖြစ်ပြီး အမြင့်ဆုံးအပူချိန်မှာ ဧပြီလတွင်(၄၄.၅) ဒီဂရီ စင်တီ ဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် (၁၁.၅)စင်တီဂရိတ်တို့ဖြစ်ပါသည်။ မိုးအများဆုံး ရွာသော ကာလမှာ ဇူလိုင်လနှင့် ဩဂုတ်လတို့ ဖြစ်ပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် နှစ်စဉ်မိုးရေချိန် (၄၀)လက်မခန့် ရွာသွန်းပြီး သဘာဝပေါက်ပင်များ မှာ တမာ ၊ မန်းကျည်းပင် ၊ ကုက္ကိုပင် ၊ ဇီးပင် ၊ ရှားပင် စသည့်အပင်များ ပေါက်ရောက်လေ့ရှိပါသည်။ စပါး၊ နှမ်း ၊ ပြောင်း ၊ ရှမ်းနံ့နံ့၊ ပဲကြီး ၊ ပန်းဂေါ်ဖီ စသည့်သီးနှံများကိုသာ အဓိကစိုက်ပျိုးကြပါသည်။ သီးထပ်သီးညှပ်အဖြစ် ဗူး၊ ဖရုံ၊ ငရုပ်၊ ပဲစောင်းလျား၊ ချဉ်ပေါင်နှင့်ခရမ်းစသည်တို့ကိုလည်း စိုက်ပျိုးကြပါသည်။ သီးနှံစိုက်ပျိုးရန် လယ်မြေ(၂၄၁) ဧကနှင့် ယာမြေ(၂၆၂)ဧကခန့်ရှိပါသည်။ ဆည်ရေနှင့်မြေအောက်ရေကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

သီလကျေးရွာတွင် ရွာဦးစေတီနှင့် ရွာဦးဘုန်းတော်ကြီးကျောင်း (၁) ကျောင်း ရှိပြီး ဘာသာသာသနာ တိုးတက်ထွန်းကားပြန့်ပွားစေရန်အတွက် ဂေါပကအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။ လူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက် လူမှုရေးအဖွဲ့ အစည်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမြူမှုအခြေအနေ

ကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ မိုးရာသီတွင် ဆီထွက်သီးနှံဖြစ်သော နှမ်းကို စိုက်ပျိုးကြပါသည်။ ၊ ကျေးရွာတွင် စိုက်ပျိုးမြေမှာ (၄၂၈) ဧကရှိ၍ မိရိုးဖလာနည်းဖြင့်သာ သီးနှံများစိုက်ပျိုးကြသောကြောင့် စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်မှုမရှိခြင်း၊ စိုက်ပျိုးရေးနည်းပညာ အားနည်းခြင်းတို့ကြောင့် အထွက်နှုန်းနည်းသည်ဟု ယူဆရပါသည်။ သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည် အခြား ဒေသသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ စိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ပါက ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာမည်ဟု ယူဆရပါသည်။

ကျေးရွာတွင် တောင်သူများအပြင် ကျပန်းလုပ်ကိုင်ကြသူများရှိသော်လည်းဝန်ဆောင်မှုဆိုင်ရာအတတ်ပညာနှင့် ကျွမ်းကျင်မှုအားနည်းခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနအဖွဲ့ အစည်းများမှ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ ပိုမိုတိုးတက်လာပါမည်။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

သီလကျေးရွာသူ/သားအားလုံးသည် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရန် အတွက် အဝီစိတွင်းများ တူးဖော်၍ အသုံးပြုကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု (၉၁%)သည် အဝီစိတွင်းများမှ စက်တပ်၍သော်လည်းကောင်း တုံကင်ဖြင့်သော်လည်းကောင်း သောက်သုံးရေရရှိကြပါသည်။ သီလကျေးရွာတွင် မူလတန်း(၁)ကျောင်းရှိပြီး ဆရာ/ဆရာမ(၆)ဦး တာဝန် ထမ်းဆောင်လျက်ရှိပါသည်။ ကျောင်းသား/သူဦးရေ(၆၃)ဦး တက်ရောက်လျက်ရှိပါသည်။ လက်ရှိကျောင်းသားဦးရေနှင့် ကျောင်းဆောင်မလုံလောက်ပါသဖြင့် ကျောင်းဆောင်အား အဆင့်မြှင့် တင်ပေးမည်ဆိုပါက ကျေးရွာရှိ ကျောင်းသား/ကျောင်းသူများ ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်၍ မိုးရွာချိန်တွင် ရွှံ့ဗွက်များရှိသဖြင့် သွားလာရန်ခက်ခဲပါသည်။ ထို့ကြောင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လျှင် ကျေးရွာတွင်း သွားလာရေး ပိုမိုလွယ်ကူပြီး ကျေးရွာသူ/သားများအတွက် ပိုမို အကျိုး ရှိမည်ဖြစ်ပါသည်။

### (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျေးရွာငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်နေသောချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှမ်းစိုက်ပျိုးရန်အတွက် (၁)ဧကလျှင် (၁၅၀၀၀၀)ကျပ်နှင့် လယ်မြေများအတွက် (၁)ဧကလျှင် (၅၀၀၀၀)ကျပ် ထုတ်ချေးပေးပါသည်။

(င)  ပညာရေး

ပညာရေးအဆင့်အတန်းမှာ အလယ်အလတ်အဆင့်တွင်ရှိပြီး အများစုမှာ အရေးအဖတ်တတ်မြောက်ကြပါသည်။ ကျေးရွာတွင် တက္ကသိုလ်အသီးသီးမှ ဘွဲ့ရရှိသူများလည်း ရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိသော်လည်းကျောင်းဆရာ/မဦးရေနှင့် ကျောင်းသားဦးရေ လုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ လက်လှမ်းမမီသောကြောင့်လူငယ်များမှာ အသက်မွေးဝမ်း ကျောင်း ပညာနိမ့်ကျဆဲဖြစ်ပါသည်။

(စ)  ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးများ သွေးလွန်တုပ်ကွေးဖြစ်ပွားတက်ပြီး အခြားလူများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံစားရလေ့ရှိပါသည်။ ဟင်းသီးဟင်းရွက် ၊ ပဲမျိုးစုံစိုက်ပျိုးထွက်ရှိခြင်းနှင့် အလုပ်အကိုင် အဆင်ပြေခြင်းတို့ကြောင့် မိသားစုဝမ်းစာအတွက် အဟာရချို့တဲ့မှုမရှိပါ။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ် ဆေးတိုက်ကျွေးသော အစီအစဉ်များကိုလည်း ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ)  ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာလယ်မြေများအား တိရစ္ဆာန်ချေးနှင့်သဘာဝမြေဆွေးမြေသြဇာများကို သုံးစွဲနိုင်မှုလျော့နည်းလာသည့်အတွက် မြေဆီလွှာများ ပျက်စီးယိုယွင်းလာခြင်း ၊ ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးများကို အသုံးပြုလာသည့်အတွက် မြေဆီလွှာများ ပျက်စီးယိုယွင်းလာရခြင်းနှင့် သီးနှံအထွက်နှုန်းများ လျော့နည်းလာသည့်အခြေအနေများကို တောင်သူများ ရင်ဆိုင်နေကြရပါသည်။ ထို့အပြင် ဓာတုမြေသြဇာနှင့် ပိုးသတ်ဆေးများကို နည်းစနစ်တကျသုံးစွဲနိုင်မှု မရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်စေပါသည်။ ထို့ကြောင့်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းကို တောင်သူများအား သိပ္ပံနည်းကျစိုက်ပျိုးနိုင်မည့် နည်းစနစ်များ ၊ ဓာတုမြေသြဇာနှင့်ပိုးသတ်ဆေးများ သုံးစွဲနည်းကို လက်တွေ့သင်တန်းပို့ချ၍ နည်းပညာများ ဖြန့်ဝေပေးကြရမည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေနိုင်စေရန် အတွက် နှစ်ရှည်ပင်များကို စိုက်ပျိုးပြုစုထိန်းသိမ်းရန် လိုအပ်နေပြီဖြစ်ပါသည်။ ထို့အတူ စိုက်ပျိုးပြီး ဖြစ်သည့် နှစ်ရှည်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

(ဇ)  ကျား/မ ရေးရာ

ကျား/မ ဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာ၏ စီမံခန့်ခွဲအုပ်ချုပ်မှုစနစ်တွင် အမျိုးသားများအား ရာအိမ်မှူး ၊ ဆယ်အိမ်မှူး စသည့်ရပ်ရွာ၏ ခေါင်းဆောင်များအဖြစ် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာ၏ အဖွဲ့အစည်း အသီးသီးတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်နေကြပါသည်။ ရပ်ရွာ၏ ဘာသာရေး ၊ သာရေး ၊ နာရေးနှင့် ပွဲလမ်းသဘင်များတွင်လည်း အမျိုးသား ၊ အမျိုးသမီး ဟူ၍ ခွဲခြားမှုမရှိဘဲ အတူတကွ ပူးပေါင်းလက်တွဲ ဆောင်ရွက်နေကြပါသည်။ ဘာသာရေး အဆုံးအမများနှင့် ဥပဒေကာကွယ်မှုများကြောင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှု များမရှိကြောင်း တွေ့ရှိရပါသည်။

တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန
ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ အမည် | စီမံချက်အမည် | ဦးစား ပေး အဆင့် | မှတ် ချက် |
|---|---|---|---|---|---|
| ၁ | သီလ | သီလ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | |
| ၂ | | | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၂ | |
| ၃ | | | အသက်မွေးဝမ်းကျောင်းအထောက်အကူပြု (အလှပြင် ၊ အင်ဂျင်ပြင်သင်တန်း) | ၃ | |
| ၄ | | | ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း | ၄ | |
| ၅ | | | မျိုးကောင်းမျိုးသန့်ရရှိရေး | ၅ | |

## တောင်တွင်းကြီးမြို့နယ် ၊ သီလကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၂၄ – ၂၀၂၅ | ၂၀၂၅ – ၂၀၂၆ | ၂၀၂၆ – ၂၀၂၇ | ၂၀၂၇– ၂၀၂၈ | ၂၀၂၈ – ၂၀၂၉ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | √ | | | | |
| ၂ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၂ | | √ | | | |
| ၃ | အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(အလှပြင် ၊အင်ဂျင်ပြင်သင်တန်း) | ၃ | | √ | | | |
| ၄ | ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း | ၄ | | | √ | | |
| ၅ | မျိုးကောင်းမျိုးသန့်ရရှိရေး | ၅ | | √ | | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်ပြုဇယားများ**

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်မစွမ်း အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | ၃ | ၃ | | |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၉ | ၁၃ | ၂၂ | | |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၂၃ | ၃၇ | | |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၀ | ၂၄ | ၄၄ | | |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၂ | ၂၄၃ | ၄၆၅ | ၂ | |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၃၅ | ၅၂ | | |
| စုစုပေါင်း | | ၂၈၂ | ၃၄၁ | ၆၂၃ | ၂ | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၃၃ | | | | |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နို့စို့အရွယ်၊ ၅နှစ်အောက် ကလေးငယ်များရှိသည့်အပြင် မူလတန်း၊ အလယ်တန်းတက်ရောက်နေသော ကျောင်းသား/ သူများနှင့် အလုပ်လုပ်နိုင်သည့် အရွယ်တွင် မသန်စွမ်း(၂)ဦးနှင့် သက်ကြီးရွယ်အိုများလည်းရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

### ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၉၃ | ၁၉၉ | ၂၅ | ၈၈ | ၁၁၁ | ၃ | မြင့် ✔ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၂ | ၆၉ | ၉ | ၃၂ | ၃၇ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ✔ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ– လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇ | ၁၅ | ၂ | ၇ | ၈ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | | ၁ | ၁ | | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်/ယာစိုက်ပျိုးခြင်း လုပ်ငန်းဖြစ်ပြီး လုပ်သားအင်အားများပြားကြောင်း တွေ့ရှိရပါသည်။ အရောင်းအဝယ်နှင့် နိုင်ငံရပ်ခြားသို့ သွားရောက်စီးပွားလုပ်ကိုင်သူများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂)  လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃)  လုပ်ငန်းနှင့် ကျား ၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း -  ရပ်မိရပ်ဖ အုပ်စု ၊ အမျိုးသမီး အုပ်စု ။လယ်သမားအုပ်စု ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နေ့စားလုပ်အားခများမှာ အမျိုးသမီးများ၏ နေ့စားလခများသည် အမျိုးသားများ၏ နေ့စားလခများထက် လျော့နည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ)    သဘာဝရင်းမြစ်များ

(ဂ-၁)   စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၄၁ | ကောင်း ☐ သင့်√ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၆၂ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၅ | ကောင်း ☐ သင့်√ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၄၂၈ | ☒ |

**ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၊ (၄) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။     ။ ကျေးရွာရှိ လယ်မြေများတွင် စပါးကိုစိုက်ပျိုးကြပြီး ယာမြေများတွင် နှမ်း၊ပဲ၊ပြောင်း၊နေကြာများကိုစိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ ဥယျာဉ်ခြံမြေများတွင်မူ ရှမ်းနံနံ၊ ပန်းဂေါ်ဖီ၊ ဗူး၊ဖရုံ၊ငရုပ်၊သခွားများကို စိုက်ပျိုးကြသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့် ☐ နည်း ✔ မရှိ ☐ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ✔ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ✔ မရှိ ☐ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ✔ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ☐ နည်း ✔ မရှိ ☐ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့် ☐ နည်း ✔ မရှိ ☐ | လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ✔ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့် ☐ နည်း ✔ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် – ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိရပ်ဖ အုပ်စု ၊ သစ်တောဦးစီးဌာန ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့် အနီးတစ်ဝိုက်တွင် လယ်ယာမြေများရှိသောကြောင့် ရာသီအလိုက်သီးနှံများ အလွယ်တကူစိုက်ပျိုးနိုင်ပြီး တိရစ္ဆာန်မျိုးစိတ်များမှာ စားကျက်မြေ နည်းပါးသောကြောင့် အနည်းငယ်သာ တွေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ)　　ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ် အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေ လည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၄၈ | ၄၁ | ၄၄ | |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။　　။ ကျေးရွာတွင် အလွန်မပြေလည်သော အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၄၄ | ၁၂ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ------------<br>ချေးယူ =<br>လုပ်အားခကြိုယူ = |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၄၁ | ၁၄ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = -----------<br>ချေးယူ = -------------<br>လုပ်အားခကြိုယူ= ------------ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၄၈ | ၁၀ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ= ____________ |

ရင်းမြစ်-ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ဝမ်းစာမဖူလုံသူများမရှိကြောင်း တွေ့ရှိရပြီး ၆လမှ၁၂လအထိ ဝမ်းစာဖူလုံသူများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သက်ကြီးရွယ်အိုများရှိသော်လည်း မိသားစု စောက်ရှောက်မှုရှိကြောင်း၊ မသန်မစွမ်းပုဂ္ဂိုလ်(၂)ဦးရှိသော်လည်း မိသားစုစောက်ရှောက်မှု ရှိကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု နှင့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စုများ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(င–၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော် | | | | | | |
| ၈ | အပူလှိုင်း | ✔ | | | ✔ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | ✔ | | ✔ | | |
| ၁၃ | တောမီးလောင်ခြင်း | ✔ | | | ✔ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | | | | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | | | | | | |

ရင်းမြစ်−ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေ မိဘပြည်သူများအနေဖြင့် စည်းလုံးညီညွတ်သောကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ အခြားသဘာဝ ဘေးအန္တရာယ် ဖြစ်မှုနည်းပါးပါသည်။ ငှက်ဖျား၊ တီဘီ၊ ခုခံအားကျဆင်းမှု ရောဂါများမရှိပါ။ အပူချိန်မြင့်မား ခြင်းကြောင့် အပူလှိုင်းဖြတ်ခြင်း၊ မိုးခေါင်ခြင်းနှင့် အပူရှိန်မြင့်မားခြင်းကြောင့် တောမီးလောင် ခြင်းများ ဖြစ်ပေါ်တတ်သည်ကို လေ့လာတွေ့ရှိရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | | | | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | | | | | |
| ၃ | ဆင်းရဲသားတောင်သူ | | | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာ တွင်နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရ သူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင် သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | | | | | |

**ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိ ရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်သူလုပ်ငန်းကိုသာ လုပ်ကိုင်ကြပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုတစ်ချို့တွင် ရေကြီးခြင်း၊ မိုးခေါင်းခြင်း စသည်အခြေအနေများ ဖြစ်ပေါ်ပါက ထိခိုက်သက်ရောက်မှုရှိနိုင်ကြောင်း တွေ့ရှိရပါသည်။ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက စွမ်းဆောင်နိုင်မှုရှိသော အဖွဲ့အစည်းများဖွဲ့စည်းနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့ အစည်း အမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင် နိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | နာယက | ၁√ ၂☐၃☐ | ၅ | | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | ကောင်း ☐<br>သင့် √<br>ညံ့ ☐ |
| ၂ | မီးလင်းရေး ကော်မတီ | ၁√ ၂☐ ၃☐ | ၅ | | ၅ | ပညာရေး☐ ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | ကောင်း ☐<br>သင့် √<br>ညံ့ ☐ |
| ၃ | လမ်းကော် မတီ | ၁√ ၂☐၃☐ | ၄ | ၃ | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် √<br>ညံ့ ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | မြစိမ်းရောင် ကော်မတီ | ၁√ ၂☐၃☐ | ၄ | ၃ | ၇ | ပညာရေး ☐ ငွေကြေး √<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် √<br>ညံ့ ☐ |
| ၅ | အရံမီးသတ် အဖွဲ့ | ၁√ ၂☐၃☐ | ၅ | | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့် ကာကွယ်ရေး √ | ကောင်း ☐<br>သင့် √<br>ညံ့ ☐ |

**ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ ရပ်မိ ရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာ မိမိကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ အမျိုးသားများနည်းတူ အမျိုးသမီးများ တန်းတူပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

### (က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား**<br>(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်**<br>(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐ ၂☐၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐ကျန်းမာရေး ☐<br>ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐ကျန်းမာရေး☐<br>ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ ရပ်မိ ရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့်အိမ် ထောင်စုအရေ အတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၈ | ၁၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၂၆ | ၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ကေ ကြား | ၃၅ | ၁၁ | တောင်သူငယ် |
| ၄ | ၅ကေမှ ၁၂.၅ကေကြား | ၃၄ | ၁၁ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၁၃၃ | ၃၆ | ☒ |

**ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုများသည် စပါး၊နှမ်း၊ပြောင်း၊ရှမ်းနံနံ၊ ပန်းဂေါ်ဖီ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင် စားသောက်ကြပြီး မြေယာမဲ့ အိမ်ထောင်စုများသည် အရောင်းအဝယ်၊ ကျပန်းအလုပ်များကို လုပ်ကိုင်စားသောက်သည်ကို လေ့လာတွေ့ရှိရပါသည်။

### (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဇယား (၁၄)** ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ကေ) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | ၂၀၀ | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐ မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၃ | မြစ်ရေတင် | | တစ်နှစ်ပတ်လုံး☐ | ရှိ☐မရှိ☐ | လျော့☐တိုး☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) |
| | စီမံကိန်း | | ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | မဖြေဆိုပါ☐ | အပြောင်းအလဲမရှိ☐ |
| ၄ | ဖွံ့ဖြိုးရေကန်မှရေ သွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ√မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | ၅၇ | တစ်နှစ်ပတ်လုံး√<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ√ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☐ | ရှိ☐မရှိ☐<br>မဖြေဆိုပါ☐ | လျော့☐တိုး☐<br>အပြောင်းအလဲမရှိ☐ |

**ရင်းမြစ်-(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု ၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေအတွက် ဇီးတောဆည်မှ ရေနှင့် အဝီစိတွင်းမှရေဖြင့် စိုက်ပျိုးကြသောကြောင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေးအတွက် ရေလုံလောက်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေး ရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အ နည်းဆုံး | အများ ဆုံး | ပျှမ်း မျှ | မှ | ထိ | | | |
| စပါး | ၂၄၁ | တင်း | ၃၀ | ၆၀ | ၄၅ | ဩဂုတ် | နိုဝင်ဘာ | မြင့်☐<br>လတ်✔<br>နိမ့်☐ | မြင့်☐<br>လတ်✔<br>နိမ့်☐ | မြင့်☐<br>လတ်✔<br>နိမ့်☐ |
| နှမ်း | ၁၀၀ | တင်း | ၆ | ၁၀ | ၈ | မေ | ဩဂုတ် | မြင့်☐<br>လတ်✔<br>နိမ့်☐ | မြင့်☐<br>လတ်✔<br>နိမ့်☐ | မြင့်☐<br>လတ်✔<br>နိမ့်☐ |
| ပဲကြီး | ၅၀ | တင်း | ၅ | ၁၀ | ၇ | နိုဝင်ဘာ | ဖေဖော်ဝါရီ | မြင့်☐<br>လတ်✔<br>နိမ့်☐ | မြင့်☐<br>လတ်✔<br>နိမ့်☐ | မြင့်☐<br>လတ်✔<br>နိမ့်☐ |
| ပြောင်း | ၅၀ | တင်း | ၁၀ | ၂၀ | ၁၅ | ဩဂုတ် | နိုဝင်ဘာ | မြင့်☐<br>လတ်✔<br>နိမ့်☐ | မြင့်☐<br>လတ်✔<br>နိမ့်☐ | မြင့်☐<br>လတ်✔<br>နိမ့်☐ |
| ရှမ်းနံနံ | | အစီး | ၁၄၀၀၀၀ | ၁၆၀၀၀၀ | ၁၅၀၀၀၀ | | | မြင့်☐<br>လတ်✔<br>နိမ့်☐ | မြင့်☐<br>လတ်☐<br>နိမ့်✔ | မြင့်☐<br>လတ်☐<br>နိမ့်✔ |
| နေကြာ | ၁၀၀ | တင်း | ၁၅ | ၂၀ | ၁၈ | ဒီဇင်ဘာ | ဖေဖော်ဝါရီ | မြင့်☐<br>လတ်✔<br>နိမ့်☐ | မြင့်☐<br>လတ်☐<br>နိမ့်✔ | မြင့်☐<br>လတ်☐<br>နိမ့်✔ |

ရင်းမြစ်– ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါး ၊ နှမ်း၊ ရှမ်းနံနံ ၊ ပဲကြီး ၊ ပြောင်း ၊ နေကြာနှင့်ပန်းဂေါ်ဖီတို့ကို အဓိကထား စီးပွားဖြစ်စိုက်ပျိုးကြသည့်အပြင် သီးထပ်သီးညှပ်အဖြစ် ဗူး၊ ဖရုံ၊ ငရုပ်၊ ရုံးပတီ၊ ချဉ်ပေါင်စသည်တို့ကိုလည်း စိုက်ပျိုးကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၄) လယ်ယာသုံး စက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၆ | | | ၇၀ |
| လက်တွန်းထွန်စက် | ၁ | | | |
| အစေ့ချကိရိယာ | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | |
| ရိတ်သိမ်းစက် | | | | |
| ခြွေလှေ့စက် | | | | |
| ရေစုပ်စက် | ၈၅ | | | ၁၀ |
| ခြေနင်းရေတင်စက် | | | | |
| **မြက်ရိတ်စက်** | ၄၈ | | | ၂၅ |

**ရင်းမြစ်- (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စက်ကိရိယာများအနေဖြင့် လယ်ယာထွန်စက်ကြီးများဖြင့် ထွန်ယက်ကြပြီး အငှားခများ ကုန်ကျစရိတ် ရှိနေပါသည်။ ဝင်ငွေရရှိရန် အခြားလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ကိရိယာများ အရစ်ကျစနစ်ဖြင့် ချပေးသွားမည်ဆိုပါက အဆင်ပြေသွားမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ√ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ√ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ☐ အသင့်အတင့်ရှိ√ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရသည် √ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် √ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐<br>ဝယ်ယူရနိုင်သည် √ |
| ဓာတုပိုးသတ်ဆေး ၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐<br>ဝယ်ယူရနိုင်သည် √ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည်√ |
| နည်းပညာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည်√ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>သီးနှံများကို ရောင်းချနိုင်သည် √ |

**ရင်းမြစ်– (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်သူများအနေဖြင့် စိုက်ပျိုးရေးရုံးနှင့် ဆက်သွယ်မှုနည်းပါးပြီး နည်းစနစ်တကျအသုံးပြုနိုင်ရန် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီသြဇာမကောင်း☐ရာသီဥတုမမှန် ✔ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐လယ်ယာမြေဆုံးရှုံးမှုများသည်☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐<br>ပလပ်မြေများရှိသည်☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☐မဖြေဆိုပါ ✔ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင် ✔ လုံးဝမရ☐မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ☐မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ☐မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး /<br>အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင် ✔ လုံးဝမရ☐မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင် ✔ လုံးဝမရ☐မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ☐မဖြေဆိုပါ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ ✔ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ✔<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐မဖြေဆိုပါ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐အသင့်အတင့်ကျ ✔ အနည်းငယ်☐မဖြေဆိုပါ☐ |
| ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု | အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ ✔ |
| ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု | အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ ✔ |

**ရင်းမြစ်- (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သီးနှံဖျက်ပိုးနှင့် ရောဂါပိုးကျရောက်မှုကြောင့် ဓာတုပိုးသတ်ဆေးများစွာ ဝယ်ယူအသုံးပြုရပြီး မြေဆီမြေနှစ် ပြောင်းလဲမှုမရှိ၍ မြေသြဇာများကို ဝယ်ယူအသုံးပြုနေရသည်ကိုလည်း တွေ့ရှိရပါသည်။

**(၁) မွေးမြူရေး နှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၃၃ | ၆၅ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | ၁ | ၁ |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၄ | ၂၁ |
| ကြက် | ၁၁ | ၅၄၉ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုများသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး နွားများကို လုပ်ငန်းခွင်တွင် အသုံးပြု၍ ကြက်နှင့်ဝက်များကိုဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်အောင်မွေးမြူထားသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

